အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]
Women's League of Burma

## စစ်အစိုးရအနေဖြင့် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးမည်လား၊
## အလုံးစုံ ပျက်သုန်းရေးလမ်းကို လိုက်မည်လား။

### ဒေါ်အောင်ဆန်းစုကြည်၏(၆၃)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် ထုတ်ပြန် ကြေညာချက်

၂၀၀၈ ခုနှစ် ဇွန်လ (၁၈) ရက်

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သည် လာမည့် ၂၀၀၈ ခုနှစ်ဇွန်လ (၁၉) ရက်နေ့တွင် ကျရောက်မည့် သူမ၏ (၆၃) နှစ်မြောက် မွေးနေ့ကို နေအိမ်တွင်းအကျယ်ချုပ်ဘဝဖြင့် ဖြတ်သန်းရပေဦးမည်။ စစ်အစိုးရက ဖန်တီးပြုလုပ်ခဲ့သည့် မအောင်မြင်သော လုပ်ကြံမှုကြီးဖြစ်သည့် ဒီပဲယင်းလူသတ်မှုကြီးအပြီး၊ ၂၀၀၃ ခုနှစ်၊ မေလကတည်းက လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြင်ပနှင့် အဆက်အသွယ်ဖြတ်ထားပြီး နေအိမ်တွင် အကျယ်ချုပ်ချထားခဲ့သည်။

ပြီးခဲ့သည့်လက နာဂစ်မုန်တိုင်းဒဏ်ကြောင့် လူများသေကြေပျက်စီးပြီး ဒုက္ခရောက်နေသည့်ကြားကပင် ဒေါ်အောင်ဆန်းစုကြည်အား သက်တမ်းတစ်နှစ် ထပ်တိုး၍ ဆက်လက်ချုပ်နှောင်ထားခြင်းကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)အနေဖြင့် စစ်အစိုးရ၏ သူရဲဘောကြောင်သော လုပ်ရပ်အဖြစ် ရှုမြင်သုံးသပ်သည်။ ဤလုပ်ရပ်သည် တိုင်းပြည်တွင် ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ပြန်လည် သင့်မြတ်ရေးကို ဖော်ဆောင်နိုင်ရန် အကောင်းဆုံးလမ်းကြောင်းတခုကို စစ်အစိုးရက မျက်ကွယ်ပြုလိုက်ခြင်းလည်းဖြစ်သည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်၏ ရဲစွမ်းသတ္တိနှင့် ခိုင်မာသောစိတ်ပိုင်းဖြတ်မှုဖြင့် ဒီမိုကရေစီရေးအတွက် စစ်အစိုးရကို ရင်ဆိုင် တိုက်ပွဲဝင်နေခြင်းသည် မြန်မာပြည်သူများသာမက ကမ္ဘာတဝှမ်းမှ ဒီမိုကရေစီကို လေးစားယုံကြည်သူများ အားလုံးအတွက် ရှေ့ဆောင်လမ်းပြမီးရှူး တန်ဆောင် ဖြစ်နေသည်ကို စစ်အစိုးရအနေဖြင့် ဆင်ခြင် နှလုံးသွင်းနိုင်ခြင်း မရှိကြောင်းကိုလည်း ပေါ်လွင်စွာ ဖော်ပြနေသည်။

လွတ်လပ်ခြင်းကို ချစ်မြတ်နိုးသော ပြည်သူလူထုအပေါ် လူမဆန်စွာ ရက်စက်ဖိနှိပ်ခြင်းနှင့် နအဖမှ ၎င်းတို့ အာဏာတည်မြဲစေမည့် ဖွဲ့စည်းပုံအား မတရားသော နည်းလမ်းပေါင်းစုံသုံး၍ အတင်းအကြပ်အတည်ပြုလိုက်ခြင်းအားဖြင့် မြန်မာပြည်သူများ လိုလားတောင့်တနေသော စစ်မှန်သောငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးဆိုသည့် ရလာဒ်ကောင်းကို ဆန့်ကျင်လိုက်ခြင်းဖြစ်သည်။

ယခုအခါသည် စစ်အစိုးရမှ ၎င်းတို့အတွက် ထွက်ပေါက်တခုဖြစ်သော ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေး အကျဉ်းသား အားလုံးကို လွှတ်ပေးခြင်းအားဖြင့် လမ်းကြောင်းမှန်ကို ဦးတည်သည့် ခြေလှမ်းများ စလှမ်းရမည့်အချိန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီကို ဦးတည်သော နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရေးအတွက် လိုအပ်သော နိုင်ငံတကာဖိအားကို အသုံးပြုသည့် အနေဖြင့် စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လက်ဝေခံလူနည်းစုဗိုလ်ချုပ်ကြီးများ၊ နအဖလက်ကိုင်တုတ် ကြံ့ဖွံ့နှင့် အကျိုးတူ ကြံရာပါများအပေါ် ဥရောပသမဂ္ဂနှင့် အမေရိကန်အစိုးရ၊ ကနေဒါ၊ ဩစတေးလျားတို့မှ ဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ခြင်းများအတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်လက်၍လည်း ဤသို့ဒဏ်ခတ်ပိတ်ဆို့မှုများ ပိုမိုပြုလုပ်သွားရန် မိမိတို့အနေဖြင့် တိုက်တွန်းလိုသည်။

ယခုအချိန်ကာလသည်၊ စစ်ဗိုလ်ချုပ်ကြီးများအနေဖြင့် ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးလွှတ်ပေးပြီး အဓိပ္ပါယ်ရှိသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲလမ်းကြောင်းကို လိုက်မည်လား၊ ၎င်းတို့ ကျူးလွန်ခဲ့သောရာဇဝတ်မှုများအတွက် နိုင်ငံတကာခုံရုံးများတွင် လူသားဖြစ်မှုကို ဆန့်ကျင်သော ကြီးမားသည့် ပြစ်မှုများအား ကျူးလွန်သူ ရာဇဝတ်ကောင်များအဖြစ် တရားစွဲခံရမည့် လမ်းကြောင်းကို လိုက်မည်လားဆိုသည်ကို ရွေးချယ်ရမည့် အချိန်ဖြစ်ပေသည်။ စစ်အစိုးရက လွန်ခဲ့သော စက်တင်ဘာလက ကျူးလွန်ခဲ့သည့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကို လူမဆန်စွာ သတ်ဖြတ်ခြင်းနှင့် နာဂစ်မုန်တိုင်းဒဏ်ခံရသူများအား နိုင်ငံတကာ အကူအညီများ မရအောင် ပိတ်ပင် တားဆီးခြင်းအားဖြင့် မလိုအပ်ဘဲ လူအများအပြားသေဆုံးခြင်း၊ ဒုက္ခပိုရောက်စေခြင်း အထူးသဖြင့် အမျိုးသမီးနှင့် ကလေးငယ်များ အပေါ် ကျရောက်ခံစားစေခြင်းတို့မှာ လူသားဖြစ်မှုကို ဆန့်ကျင်သော ကြီးမားသည့်ရာဇဝတ်မှုများ ဖြစ်ကြောင်း ရှင်းလင်းစွာ သက်သေ ပြနေပေသည်။

ယခုဆိုလျှင် စစ်အစိုးရ ထိပ်တန်းခေါင်းဆောင်များအား ၎င်းတို့ကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့်ပတ်သက်၍ တရားမျှတမှုရရှိရေး အတွက် နယ်သာလန်နိုင်ငံ ဟိတ်ဂ်မြို့ရှိ နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးအပါအဝင် အပြည်ပြည်ဆိုင်ရာ တရားခုံရုံးများတွင် တရားစွဲဆိုရန် ကြိုးပမ်းမှုများ စတင်နေပြီ ဖြစ်သည်။

ဤနေ့အခါသမယဖြစ်သော ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၃)နှစ်ပြည့်မွေးနေ့တွင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးမှ မြန်မာပြည်လွတ်မြောက်ရေးသို့ဟူသည့် နိုင်ငံရေးကြွေးကြော်သံကို ကိုင်စွဲ၍ စစ်အာဏာရှင်စနစ် အမြန်ဆုံးပြုတ်ကျရေးအတွက် လက်တွဲညီညီဖြင့် တိုက်ပွဲဝင်ကြပါရန် မိမိတို့ အဖွဲ့ချုပ်မှ ပြည်သူလူထုတရပ်လုံးအား တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန်**

နန်းယဉ် – ၆၆ ၈၉ ၈၅၈၄၆၆၈၊
အယ် ဒွဲလိန် – ၆၆ ၈၉ ၄၃၄၈၉၇၆၊
သင်းသင်းအောင် – ၆၆ ၈၉ ၈၅၅၄၁၁၉